FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လက်စွဲ ၂၀၂၄



# မာတိကာ


နိဒါန်း ---- 2

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ ကောင်းကျိုးများ ---- 4

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ---- 7

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ သွင်ပြင်လက္ခဏာများ ---- 9

နိုင်ငံတကာ ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ် ---- 12

ICCPR အဖွဲ့ဝင်နိုင်ငံများ ---- 14

အပြုသဘောမဆောင်တဲ့ ဝေဖန်မှုများ ---- 15

အကြွင်းမဲ့ရပိုင်ခွင့်များ ---- 16

ကန့်သတ်ကောင်း ကန့်သတ်နိုင်သော ရပိုင်ခွင့် ---- 17

တားမြစ်ရမယ့် ထုတ်ဖော်ပြောဆိုမှုများ ---- 18

ကန့်သတ်ရာတွင် မဖြစ်မနေလိုက်နာရမယ့်အဆင့်များ ---- 19

အသရေဖျက်ခြင်း ---- 20

ဘာသာရေးဝေဖန်ဝေဖန်ကားမှု ---- 26

အမုန်းစကား ---- 27

ငြိမ်းချမ်းစွာစုဝေးခွင့် ---- 32

# နိဒါန်း

"လူမျိုး၊ အသားအရောင်၊ ဘာသာစကား၊ လိင်ဝိသေသ၊ ဘာသာတရား(သို့) ကိုးကွယ်ယုံကြည်မှု၊ သန္ဓေစွမ်းမှုတို့အပေါ် မမူတည်ဘဲ လူသားဖြစ်ခြင်း ပကတိအချက်ပေါ် မူတည်ပြီး လူသားတိုင်း မွေးရာပါပိုင်ဆိုင်ထားတဲ့ "ရပိုင်ခွင့်"ဆိုတဲ့ အနှစ်သာရကို ပိုမိုပေါ်လွင်စေဖို့ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးအစား "လူ့ရပိုင်ခွင့်"လို့ သုံးစွဲခြင်းဖြစ်ပါတယ်။"



# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟာ ဘာကြောင့်အရေးကြီးတာလဲ



# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ ကောင်းကျိုးများ

**“လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က လူ့အဖွဲ့အစည်းအတွက်ကောင်းကျိုးများစွာဖြစ်ထွန်းစေပါတယ်။”**

လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ စိတ်ပိုင်းဆိုင်ရာ ကျေနပ်နှစ်သိမ့်မှု၊ ဂုဏ်သိက္ခာနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ အပြန်အလှန် လွတ်လပ်စွာသတင်းအချက်အလက်တွေ ဖလှယ်တာ၊ သိရှိမျှဝေတာတွေကနေ ကိုယ်နဲ့မတူညီတဲ့ရပ်ဝန်းက လူသားတွေအကြောင်းကို ပိုနားလည်လာနိုင်ပြီး လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ ယုံကြည်မှုနဲ့ အပြန်အလှန်လေးစားနားလည်မှုတို့ တိုးပွားလာစေနိုင်ပါတယ်။



၂. ကောင်းမွန်သောအုပ်ချုပ်မှုအတွက်လည်း အရေးကြီးပါတယ်။
အစိုးရရဲ့လုပ်ငန်းဆောင်တာတွေကို ပြန်လှန်မေးခွန်းထုတ်ထောက်ပြနိုင်ပြီး ပြည်သူတွေရဲ့ စိုးရိမ်မှုတွေကို ဖော်ထုတ်ပြောဆိုနိုင်တဲ့အတွက် **အစိုးရရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတွေ ပိုမိုအားကောင်းလာစေ** မှာဖြစ်ပါတယ်။



## လွှတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ ကောင်းကျိုးများ

၃. ပွင့်လင်းမြင်သာမှုအားကောင်းလာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတွေရှိလာတဲ့အတွက် အခြားသော **လူ့ရပိုင်ခွင့် ချိုးဖောက်မှုတွေလည်း မရှိနိုင်**တော့ပါဘူး။



# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (Freedom of Expression)





"လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ အခြေခံအကျဆုံး လူ့ရပိုင်ခွင့်တစ်ခုဖြစ်ပြီး လွတ်လပ်တဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတစ်ခု တည်တံ့ဖွံ့ဖြိုးဖို့အတွက် **အခြေခံအုတ်မြစ်**လည်း ဖြစ်ပါတယ်။"

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်
# (Freedom of Expression)



လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုတာ ကိုယ့်ရဲ့ယုံကြည်ချက်နဲ့ ထင်မြင်ယူဆချက်တွေကို အနှောင့်အယှက်အဟန့်အတားမရှိ၊ နယ်မြေအပိုင်းအခြားမရှိဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရှာဖွေလက်ခံပိုင်ခွင့်နဲ့ ဖြန့်ချိပိုင်ခွင့်ရှိခြင်းတို့ကို ဆိုလိုပါတယ်။

နိုင်ငံတကာ လူ့ရပိုင်ခွင့်ကြေညာစာတမ်း(UDHR) အပိုဒ်၁၉မှ

# လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ သွင်ပြင်လက္ခဏာများ



၁။ လူသားအားလုံး ခံစားခွင့် ရှိပါတယ်။

၂။ သတင်းအချက်အလက်ကို လွတ်လပ်စွာ ရှာဖွေခွင့်၊ ရယူခွင့်နှင့် ဖြန့်ဝေခွင့်တို့ ရှိပါတယ်။

၃။ ဒီရပိုင်ခွင့်ကို ကျင့်သုံးတဲ့အခါမှာ အခြားတပါးသူတွေကို စော်ကားရာရောက်တဲ့၊ မနှစ်မြို့စရာဖြစ်တဲ့ ( သို့ ) အစိုးရနှင့် တခါတရံ လူအများစုက မျက်နှာသာပေးခြင်းကို မခံရနိုင်တဲ့ထုတ်ဖော်ပြောဆိုချက်တွေအထိ ပါဝင်နိုင်ပါတယ်။

၄။ နယ်မြေဧရိယာ၊ နိုင်ငံရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ နယ်နိမိတ်များ ကန့်သတ်ထားခြင်းမရှိပါ။

၅။ ကိုယ်နှစ်သက်ရာနည်းလမ်းနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနိုင်ပါတယ်။



လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အကြောင်းအရာ(Content) နဲ့ ပုံစံ(Form)ဆိုပြီး နှစ်ပိုင်းခွဲလို့ ရပါတယ်။ အကြောင်းအရာထဲမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးတို့အပြင် နေ့စဉ်ဖြစ်ပျက်နေတာတွေလည်း ပါဝင်ပါတယ်။

ပုံစံ ထဲမှာတော့...

၁. ပြောဆိုရေးသားခြင်း၊

၂. ဆန္ဒထုတ်ဖော်ခြင်း၊ ဟောပြောခြင်း

၃. သတင်းရှာဖွေခြင်း၊ ဖြန့်ဝေခြင်း၊ လက်ခံရယူခြင်း

၄. အနုပညာဖန်တီးခြင်း၊ ပြသခြင်း၊ ပုံနှိပ်ခြင်း

၅. အင်တာနက်အသုံးပြုခြင်း

၆. အသံတိတ်သပိတ်ပြုလုပ်ခြင်း

၇. အခြားအခြားသောပုံစံတွေလည်း အများကြီးရှိပါတယ်။



# ဆက်စပ်ကဏ္ဍငါးခု

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ဆက်စပ်နေတဲ့ **ကဏ္ဍငါးခု** ရှိပါတယ်။
ဒါတွေက **အပြန်အလှန်အမှီသဟဲပြု**နေတာဖြစ်လို့ **ကဏ္ဍတစ်ခုချိုးဖောက်ခံ**ရပြီဆိုတာနဲ့တင်
လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လည်း **ချိုးဖောက်ခံ**နေရပြီလို့ ပြောရပါမယ်။



# နိုင်ငံတကာပြည်သူ့အရေးနှင့်နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်(ICCPR)

နိုင်ငံတကာ ပြည်သူ့အရေးနှင့် နိုင်ငံရေးရပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်(ICCPR)ဆိုတာ **UDHR**မှာ ပါဝင်တဲ့ ပြည်သူ့အရေးနဲ့ နိုင်ငံရေးရပိုင်ခွင့်တွေကို တရားဝင်ကာကွယ်ပေးထားတဲ့ နိုင်ငံတကာစာချုပ် ဖြစ်ပါတယ်။ ဒီစာချုပ်ကို ကုလသမဂ္ဂအထွေထွေ ညီလာခံက ၁၉၆၆ခုနှစ်မှာအတည်ပြု ပြဌာန်းနိုင်ခဲ့ပါတယ်။



၁။ လူသားတိုင်းသည် ကြားဝင်နှောင့်ယှက်မှုမရှိဘဲ မိမိတို့၏ အတွေးအခေါ်အယူအဆများကို လွတ်လပ်စွာ ဆုပ်ကိုင်ထားပိုင်ခွင့်ရှိသည်။

၂။ လူသားတိုင်း လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့် ရှိသည်။ မည်သည့် မီဒီယာနှင့် နယ်မြေအပိုင်းအခြားကို မဆို အကန့်အသတ်မရှိ ကျော်ဖြတ်လျက် သတင်းအချက်အလက်နှင့် အတွေးအခေါ် အယူအဆများကို လွတ်လပ်စွာ ရှာဖွေပိုင်ခွင့်၊ လက်ခံပိုင်ခွင့်၊ တဆင့်ပြန်လည် ဖြန့်ဖြူးခွင့် စသောအခွင့်အရေးများ ပါဝင်သည့် လွတ်လပ်စွာ ထင်မြင်ယူဆပိုင်ခွင့် နှင့် ထုတ်ဖော်ပြောဆိုခွင့် ရှိသည်။

၃။ အထက်ပါ ၂ပိုင်ခွင့်ကို ကျင့်သုံးရာတွင် အထူးစောင့်ရှောက်ရမည့် တာဝန် နှင့် ဝတ္တရားများ ရှိသည်။ ထို့ကြောင့် ဤ၂ပိုင်ခွင့်များအပေါ် ကန့်သတ်ချက်တစ်ခုံတစ်ရာ ရှိနိုင်သည်။ သို့သော် ဤကန့်သတ်ချက်များသည် ဥပဒေနှင့် ကိုက်ညီရမည်ဖြစ်ပြီး–

(က) အခြားပုဂ္ဂိုလ်များ၏ ၂ပိုင်ခွင့် နှင့် ဂုဏ်သိက္ခာတို့ကို ကာကွယ်ရန်

(ခ) နိုင်ငံတော်လုံခြုံရေး၊ လူထုအတွင်း သဟဇာတရှိရေး၊ လူထုကျန်းမာရေးနှင့် လူထုစာရိတ္တ တို့ကို ကာကွယ်ရန် လိုအပ်မှသာ ပြဌာန်းရမည်။

## ICCPR အဖွဲ့ဝင်နိုင်ငံများ

နိုင်ငံတကာအနေနဲ့ **ICCPR** အဖွဲ့ဝင်ဖြစ်တဲ့နိုင်ငံက လူ့ရပိုင်ခွင့်ချိုးဖောက်မှုတွေကိုပဲ အဓိက အကာအကွယ် ပေးနိုင်မှာဖြစ်ပါတယ်။ **ICCPR** အဖွဲ့ဝင်နိုင်ငံ ဖြစ်ဖို့ဆိုရင် ပထမအဆင့်အနေနဲ့ အစိုးရက စာချုပ်ကို ပဏာမလက်မှတ်ရေးထိုးရပါတယ်။ ပြီးရင် အတည်ပြုလက်မှတ်ရေးထိုးခြင်း(**Ratified**) လုပ်ဆောင်ရပါတယ်။ ပဏာမလက်မှတ်ရေးထိုးထားတဲ့နိုင်ငံတွေဟာ စာချုပ်ကို လိုက်နာအကောင်အထည်ဖော်ဖို့ တာဝန်အပြည့်အဝမရှိသေးဘဲ မကြာမီ အတည်ပြုလက်မှတ်ရေးထိုးသွားဖို့ ရှိတယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

လက်ရှိမှာ **Ratified** လုပ်ထားတဲ့ အဖွဲ့ဝင်နိုင်ငံ ၁၇၃ နိုင်ငံရှိပြီး ပဏာမလက်မှတ်ရေးထိုးထားတာ ၆ နိုင်ငံရှိပါတယ်။ ပမာဏလက်မှတ်ရေးထိုးဖို့တောင် မပြုလုပ်တဲ့ ကျန် ၁၈ နိုင်ငံထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။

ကိုယ့်ပြည်တွင်းမှာ အစိုးရတွေက ပြည်သူတွေအပေါ် လူ့ရပိုင်ခွင့်ချိုးဖောက်မှုတွေ မကျူးလွန်နိုင်အောင်၊ ကျူးလွန်ခဲ့ရင်လည်း နိုင်ငံတကာကနေ စောင့်ကြပ်ထိန်းကျောင်းမှုတွေပြုလုပ်နိုင်အောင် မြန်မာနိုင်ငံက **ICCPR** ကို ပဏာမလက်မှတ်ရေးထိုးပြီး **Ratified** လုပ်ဖို့လည်း အရေးတကြီးလိုအပ်ပါတယ်။



# အပြုသဘောမဆောင်တဲ့ ဝေဖန်မှုများ

အပြုသဘောဆောင်တဲ့ဝေဖန်မှုတွေအပြင် ဝေဖန်ခံရတဲ့သူအတွက် စိတ်မသက်မသာဖြစ်စေနိုင်တဲ့ ဝေဖန်မှုတွေကလည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ထဲမှာ အကျုံးဝင်ပါတယ်။ ကိုယ်သဘောကျမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်(FOE)၊ ကိုယ်မကြိုက်ရင် အမုန်းစကား(Hate Speech) ဆိုပြီး လုပ်လို့ မရပါဘူး။ ဒါ့ကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟာ တစ်ဦးတစ်ယောက်ချင်းစီနဲ့ပဲ သက်ဆိုင်တဲ့ တစ်သီးပုဂ္ဂလ ရပိုင်ခွင့်(Individual Rights) မဟုတ်ပါဘူး။ အများနဲ့သက်ဆိုင်တဲ့ စုပေါင်းရပိုင်ခွင့်(Collective Rights)ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ အပြန်အလှန်လေးစားလိုက်နာမှုတို့ ရှိဖို့လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတစ်ယောက်ရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆုံးရှုံးရင်တောင် အဲ့ဒီနိုင်ငံမှာ FOE မရှိဘူးလို့ ဆိုနိုင်ပါတယ်။



# အကြွင်းမဲ့ရပိုင်ခွင့်များ(Absolute Rights)



လူ့ရပိုင်ခွင့်တွေထဲမှာမှ **အကြွင်းမဲ့ရပိုင်ခွင့်(Absolute Rights)** ဆိုပြီး ရှိပါတယ်။
အကြွင်းမဲ့ရပိုင်ခွင့်တွေကို ဘယ်အခြေအနေမျိုးမှာမှ **ကန့်သတ်လို့မရပါဘူး။**

အဲ့ဒါတွေကတော့



ညှင်းပန်းနှိပ်စက်မှုမှ
ကင်းလွတ်ခွင့်



လူမဆန်သောအပြစ်ပေးခြင်းမှ
ကင်းလွတ်ခွင့်



လွတ်လပ်စွာ
တွေးခေါ်ယူဆခွင့်

# ကန့်သတ်ကောင်း ကန့်သတ်နိုင်သော ရပိုင်ခွင့် (Qualified Rights)



နောက်တခုကတော့ ကန့်သတ်ကောင်းကန့်သတ်နိုင်သောရပိုင်ခွင့်များ(**Qualified Rights**) ပါ။ အဲ့ဒီရပိုင်ခွင့်တွေကိုတော့ အစိုးရက ကျိုးကြောင်းခိုင်လုံတဲ့ ရည်ရွယ်ချက်နဲ့အခြေအနေအပေါ် မူတည်ပြီး ကန့်သတ်ကောင်း ကန့်သတ်နိုင်ပါတယ်။



ပုဂ္ဂလိကလွတ်လပ်ခွင့်



လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်
(အထူးသဖြင့် အပြင်ပိုင်းလွတ်လပ်ခွင့်)



လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်



လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်



ကိုယ်ပိုင်ပစ္စည်းပိုင်ဆိုင်ခွင့် တို့ဖြစ်ပါတယ်။

# တားမြစ်ရမယ့် ထုတ်ဖော်ပြောဆိုမှုများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ICCPR အပိုဒ် ၁၉(၃) နဲ့ အပိုဒ် ၂၀(၂) တို့အရ တချို့သော ဖြင်းချက် အခြေအနေများမှာ အစိုးရက ကန့်သတ်ကောင်း ကန့်သတ်နိုင်ပါတယ်။

အပိုဒ် ၂၀(၂)မှာတော့ တားမြစ်ရမယ့် ထုတ်ဖော်ပြောဆိုမှုတွေကို အောက်ပါအတိုင်းဖော်ပြထားပါတယ်။

၁။ စစ်မက်တိုက်ခိုက်ရေးအတွက် ဝါဒဖြန့်မှုမှန်သမျှကို ဥပဒေဖြင့် တားမြစ်ရမည်။

၂။ လူသားအချင်းချင်းခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုမှန်သမျှတို့ကို သွေးထိုး လှုံ့ဆော်သည့် အမျိုးသားရေး သို့မဟုတ် လူမျိုးရေး သို့မဟုတ် ဘာသာရေး အမုန်းပွားစေရန် ဝါဒဖြန့်မှုမှန်သမျှကို ဥပဒေဖြင့် တားမြစ်ရမည်။



# ကန့်သတ်ရာတွင်မဖြစ်မနေလိုက်နာရမည့် အဆင့်များ



အစိုးရက အထက်ကအခြေအနေမျိုးမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်မယ်ဆိုရင် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမယ့် အဆင့်သုံးဆင့်ရှိပါတယ်။

အဲ့ဒါတွေကတော့ —

၁။ တိကျရှင်းလင်းသော ဥပဒေပြဋ္ဌာန်းချက်ရှိရပါမယ်။

၂။ ဥပဒေပြဋ္ဌာန်းသင့်သည့် တရားမျှတသော ရည်ရွယ်ချက် ရှိရပါမယ်။

၃။ အမှန်တကယ်လိုအပ်ပြီး ပြစ်မှုနဲ့ပြစ်ဒဏ်အချိုးအစားညီမျှရပါမယ်။



# အသရေဖျက်ခြင်း(Defamation)

အသရေဖျက်ခြင်းဆိုတာ လူတစ်ဦးရဲ့
“ဂုဏ်သိက္ခာ” ထိခိုက်ကျဆင်းစေဖို့
မှားယွင်းတဲ့ အချက်အလက်တွေနဲ့
ရည်ရွယ်ချက်ရှိရှိ လုပ်ကြံပြောဆိုခြင်း၊
ဖန်တီးပုံဖော်ခြင်းနဲ့ ရေးသားဖြန့်ဝေခြင်းလို့
အကြမ်းဖျဉ်းအဓိပ္ပာယ်ဖွင့်လို့ရပါတယ်။



## ICCPR အပိုဒ်–၁၇



မည်သူမှ ၎င်း၏ ပုဂ္ဂလိကလုံခြုံရေး၊ မိသားစု နှင့် အခြားသက်ဆိုင်သည့်အရာများ (သို့မဟုတ်) ဂုဏ်သိက္ခာနှင့် နာမည်ဂုဏ်သတင်းတို့ကို **အကြောင်းမဲ့ နှောင့်ယှက်ထိပါးခြင်း မရှိစေရ**။ မည်သူမဆို ထိုကဲ့သို့ နှောင့်ယှက် ထိပါးခြင်း ခံရပါက **ဥပဒေ၏အကာအကွယ်ကို ခံစားပိုင်ခွင့်ရှိ**သည်။”



# အသရေဖျက်မှုကို တိုင်းတာသော အချက်များ

ရေးသားပြောဆိုချက်တစ်ခုကို အသရေဖျက်မှုအဖြစ် သုံးသပ်ဖို့ စံနှုန်းသတ်မှတ်ချက်တွေရှိပါတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အောက်မှာရှိတဲ့ ပြောကြားချက်တွေကို အသရေဖျက်မှုလို့ အလွယ်တကူ သတ်မှတ်လို့မရပါဘူး။ အသရေဖျက်မှုကို တိုင်းတာတဲ့အခါ အဓိကအနေဖြင့် အချက် ၄ ချက် နဲ့ တိုင်းတာနိုင်ပါတယ်။



၁။ အချက်အလက် မှားယွင်းရမယ်။

၂။ အမှန်တကယ်ဖြစ်ပျက်သော အကြောင်းအရာပေါ်မှာ အခြေမခံထားတာ ဖြစ်ရမယ်။

၃။ ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေကြောင်း ထင်ထင်ရှားရှား ပြနိုင်ရမယ်။

၄။ ထိခိုက်နစ်နာမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ဆက်စပ်မှု ရှိရမယ်။

# ခုခံချေပခွင့်(Right to Defence)

ကိုယ့်ရဲ့ ထုတ်ဖော်ပြောဆိုရေးသားချက်က ဒီအချက်(၅)ချက်ထဲကတစ်ခုခုနဲ့ အကျုံးဝင်တယ်ဆိုရင် အသရေဖျက်မှုနဲ့ တရားစွဲဆိုခံရရင်တောင်မှ တရားရုံးမှာ ခုခံချေပခွင့် အပြည့်အဝရှိပါတယ်။

၁. အမှန်တရားကို ခုခံချေပခွင့်
၂. အများပြည်သူ အကျိုးစီးပွားကို ခုခံချေပခွင့်
၃. တွေးခေါ်ထင်မြင်ယူဆချက်များကို ခုခံချေပခွင့်
၄. အကြွင်းမဲ့အထူးဂုဏ်သိက္ခာအကျိုးကျေးဇူး ခံစားခွင့်ရှိသည့်အခြေအနေ (ဥပမာ တရားရုံးစစ်ဆေးရာတွင် ထုတ်ဖော်ပြောကြားချက်များ၊ လွှတ်တော်တွင်ဆွေးနွေးငြင်းခုန်မှုများ)
၅. သူတပါး၏ပြောဆိုချက်ကို တဆင့်ပြန်လည်ဖော်ပြခြင်း



# အသရေဖျက်မှုအတွက် ပြစ်ဒဏ်

နိုင်ငံတကာဥပဒေမှာ **လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို** ကာကွယ်ပေးထားသလို လူတစ်ဦးချင်းစီရဲ့ **ဂုဏ်သိက္ခာနဲ့ ရပိုင်ခွင့်**တွေကိုလည်း **ကာကွယ်**ပေးထားပါတယ်။ ဒါ့ကြောင့် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ရပ်ရဲ့ ဂုဏ်သိက္ခာကို အမှန်တကယ် ကျဆင်းအောင် **ထုတ်ဖော်၊ ပြောဆို၊ ပြသမှု**များ ကို **အသရေဖျက်မှုနဲ့ အရေးယူ**နိုင်ပါတယ်။




သို့သော် အသရေဖျက်မှုကို **ရာဇဝတ်မှု (Criminal Case)** လို့မသတ်မှတ်သင့်ဘဲ **တရားမမှု (Civil Case)** အဖြစ်သာ သတ်မှတ်သင့်ပါတယ်။

# ခြွင်းချက်များ

**အချို့သော လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်း**တွေ အနေနဲ့ မိမိကို ဝေဖန်ပုတ်ခတ်ပြောဆိုမှုတွေအပေါ် **အသရေဖျက်မှုနဲ့ တရားစွဲဆိုခွင့် မရှိ**ဘူးလို့ နိုင်ငံတကာစံနှုန်းတွေမှာ သတ်မှတ်ထားတာရှိပါတယ်။ သူတို့ကတော့ –

၁. နိုင်ငံ့ခေါင်းဆောင်တွေ

၂. လွှတ်တော်ကိုယ်စားလှယ်တွေ

၃. အစိုးရအဆင့်မြင့်အရာရှိတွေ

၄. အစိုးရဝန်ကြီးဌာနတွေ

၅. နိုင်ငံရေးသမားတွေ၊ ပရဟိတသမားတွေ

၆. လူထုကိုယ်စားပြု အရပ်ဘက်အဖွဲ့အစည်းတွေ



# ဘာသာရေးဝေဖန်စော်ကားမှု

ဘာသာတရားတွေကို ဝေဖန်ခြင်း၊ သရော်လှောင်ပြောင်ခြင်း၊ မေးခွန်းထုတ်ခြင်း နဲ့ ဂုံဖန်ဂုံခါတွင် ဘာသာတရားတွေကို စော်ကားတဲ့သဘောထိ သက်ရောက်သော ထုတ်ဖော်ပြောဆိုမှုတွေဟာ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ကို ချိုးဖောက်နေတယ်ဆိုတဲ့ အမြင်မျိုးရှိတတ်ပါတယ်။ အချို့သော လူ့အဖွဲ့အစည်းတွေမှာ ဘာသာရေးဝေဖန်စော်ကားမှုကို အရေးယူပြီး ထောင်ဒဏ်ချမှတ်လေ့ ရှိသလို တချို့နိုင်ငံအနည်းငယ်မှာတော့ သေဒဏ်အထိ ချမှတ်လေ့ရှိကြပါတယ်။

အမှန်တကယ်မှာ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုဟာ ဘာသာတရား၊ ယုံကြည်မှုတွေကို ကာကွယ်မပေးဘဲ လူကိုသာ (ဘာသာဝင်များကိုသာ) ကာကွယ်ပေးတာဖြစ်ပါတယ်။ အလားတူပဲ နိုင်ငံတကာဥပဒေ တွေကလည်း ဘာသာတရား၊ ယုံကြည်မှု စတဲ့အရာတွေကို ကာကွယ်မပေးဘဲ လူကိုသာ ကာကွယ် ပေးထားတာဖြစ်ပါတယ်။







# အမုန်းစကား(Hate Speech)

"အမုန်းစကား" ဆိုတဲ့ စကားရပ်ကို နိုင်ငံတကာဥပဒေမှာ သုံးစွဲထားခြင်းမရှိလို့ တစ်ကမ္ဘာလုံးကတရားဝင်လက်ခံထားတဲ့ အနက်အဓိပ္ပာယ်လည်း မရှိသေးပါဘူး။ ဒါပေမယ့်လည်း လက်ရှိမှာ "အမုန်းစကား" လို့ အများနားလည်ထားကြတဲ့ တားမြစ်ရမယ့်ထုတ်ဖော်ပြောဆိုမှုပုံစံတွေကိုတော့ နိုင်ငံတကာဥပဒေတွေမှာ တားမြစ်ထားတာရှိပါတယ်။ "အမုန်းစကား"နဲ့ တိုက်ရိုက်ပတ်သက်တာတွေကို ၁၉၆၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတကာ လူမျိုးရေးခွဲခြားမှုပုံစံအားလုံး ပပျောက်ရေး သဘောတူစာချုပ်(ICERD)မှာ ဖော်ပြထားပါတယ်။ ဒီစာချုပ်ရဲ့ အပိုဒ် ၄(က) မှာ အစိုးရတွေအနေနဲ့ ဥပဒေပြဋ္ဌာန်းပြီး အပြစ်ပေး၊ တားမြစ်ရမယ့် "အမုန်းစကား" အသွင်အပြင်လေးခုကို ဖော်ပြထားပါတယ် —

၁. လူမျိုးကြီးဝါဒကို အခြေခံသည့် အကြံဉာဏ်အယူအဆများ ဖြန့်ချိခြင်း

၂. လူမျိုးရေးအမုန်းတရားကို အခြေခံသည့် အကြံဉာဏ်အယူအဆများ ဖြန့်ချိခြင်း

၃. လူမျိုးရေးခွဲခြားမှုကို သွေးထိုးလှုံ့ဆော်ခြင်းနှင့်

၄. လူမျိုးရေးအရ အကြမ်းဖက်သည့် လုပ်ရပ်များလုပ်ရန် သွေးထိုးလှုံ့ဆော်ခြင်း။



# ပြင်းထန်မှုအဆင့်(၄)ဆင့်



"အမုန်းစကား" ဆိုတဲ့ ကျယ်ပြန့်သော သဘောတရားကို နိုင်ငံတကာသဘောတူ စာချုပ်များပါ ပြဋ္ဌာန်းချက်တွေနဲ့ နှိုင်းယှဉ်ဆန်းစစ်မယ်ဆိုရင် ပြင်းထန်မှုအဆင့်လေးဆင့် ခွဲခြားနိုင်ပါတယ်။ ဒီ ပြင်းထန်မှုအဆင့်လေးဆင့်ကို **Article-19** အဖွဲ့က ခွဲခြားပြထားပါတယ်။

## (၁) တရားဥပဒေဖြင့် တားဆီးအရေးယူခြင်း မပြုရမည့် အမုန်းစကား



*ICCPR အပိုဒ် ၁၉(၂) အရ လူသားတိုင်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ထင်မြင်ယူဆခွင့်ကို တရားဝင်ခွင့်ပြုပေးထားရမည်။ ဤအခွင့်အရေးကို ကျင့်သုံးရာတွင် နှိမ့်ချ စော်ကားခြင်း၊ အခြားတပါးသူများ၏အမြင်၊ အယူအဆ သဘောတရားများကို လက်မခံနိုင်ခြင်းတို့ ရှိနေနိုင်သည်။ လူတစ်ဦးချင်းစီတိုင်း၏ ကြိုက်ခြင်း၊ မကြိုက်ခြင်းနှင့် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းတို့မှာ တစ်ဦးချင်းစီ၏ စိတ်ခံစားမှုပေါ် မူတည်သည့်အတွက် မနှစ်သက်ခြင်းဆိုသော အကြောင်းပြချက်သက်သက်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်၍မရပေ။*

# ပြင်းထန်မှုအဆင့်(၄)ဆင့်

## (၂) တားမြစ်ကန့်သတ်ကောင်း ကန့်သတ်နိုင်သည့် အမုန်းစကား

ICCPR အပိုဒ် ၁၉(၃) အရ အကျယ်ဖွင့်ဆိုထားသည့် အခြားတပါးသူများ၏ နာမည်၊ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်ကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ပြောဆိုသောစကား သို့မဟုတ် နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူ အေးချမ်းသာယာရေး နှင့် အများပြည်သူကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားစံနှုန်းများကို ပျက်ပြားစေမည့် စကားများကို တားမြစ် ကန့်သတ်မည် ဆိုပါက ကန့်သတ်နိုင်သည်။



# ပြင်းထန်မှုအဆင့်(၄)ဆင့်

## (၃) တားမြစ်ကန့်သတ်ရမည့် အမုန်းစကား

ရန်လိုခြင်း၊ ခွဲခြားဆက်ဆံခြင်း (သို့မဟုတ်) အကြမ်းဖက်ခြင်းများ ပြုလုပ်စေရန် ခွဲခြားဆက်ဆံမုန်းတီးမှု အခြေခံ၍ လှုံ့ဆော်ခြင်းများသည် မဖြစ်မနေတားမြစ်ရမည့် အမုန်းစကားဖြစ်သည်။ **ICCPR** အပိုဒ် ၂၀(၂) အရ သင့်တော်သော ဥပဒေထုတ်ပြန်၍ တားဆီးကန့်သတ်ရမည်။



## (၄) လူမျိုးတုံးသတ်ဖြတ်ရန်၊ လူမျိုးစုလိုက်ရှင်းလင်းရန် လှုံ့ဆော်မှုနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများ

နိုင်ငံတကာရာဇဝတ်ဥပဒေများ၊ လူမျိုးတုံးသတ်ဖြတ်မှုတားဆီးရေး နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention)နှင့် ရောမသဘောတူစာချုပ် (Rome Statue)တို့အရ နိုင်ငံများသည် လူမျိုးတုံး သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သေဆုံး၊ ထိခိုက်နစ်နာစေမည့် နိုင်ငံတကာလူ့ရပိုင်ခွင့်များကို ချိုးဖောက်စေရန် လှုံ့ဆော်သည့် ပြင်းထန်အန္တရာယ်ရှိသော စကားလုံးများ ဟောပြောခြင်းများ၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ ခွဲခြားနှိမ့်ချ ဆက်ဆံသည့် စကားများသုံး၊ ဟောပြောလှုံ့ဆော်ခြင်း တို့ကို သင့်တော်သော ရာဇဝတ်ဥပဒေများ၊ အမိန့်များ ထုတ်ပြန်၍ တားဆီးကန့်သတ်ရမည်။



# ငြိမ်းချမ်းစွာစုဝေးခွင့်(Right to Peaceful Assembly)



ငြိမ်းချမ်းစွာစုဝေးခွင့်ဟာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ အထူးဆက်စပ်နေတဲ့ ရပိုင်ခွင့်တစ်ခု ဖြစ်ပါတယ်။ **ICCPR** အပါအဝင် နိုင်ငံတကာ သဘောတူစာချုပ်တွေမှာ ငြိမ်းချမ်းစွာစုဝေးခွင့်ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့အတူ ကာကွယ်ပြဋ္ဌာန်း ပေးထားပါတယ်။

ဒီမိုကရေစီ၊ လူ့ရပိုင်ခွင့်၊ တရားဥပဒေစိုးမိုးမှုနဲ့ ကောင်းမွန်သော အုပ်ချုပ်စီမံမှုစနစ်တို့အတွက် ငြိမ်းချမ်းစွာစုဝေးခွင့် မရှိမဖြစ် လိုအပ်ပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်ကို အကာအကွယ် မပေးဘူးဆိုရင် လူထုအပေါ် ဖိနှိပ်နေတယ်လို့ ပြောလို့ရပါတယ်။



# ငြိမ်းချမ်းသော



နိုင်ငံတကာဥပဒေမှာ "ငြိမ်းချမ်းသော စုဝေးမှု"တွေကိုသာ ကာကွယ်ပေးထားပါတယ်။ ဒါကြောင့် "ငြိမ်းချမ်းသော" ဆိုတဲ့ စကားရပ်ဟာ အရေးကြီးပါတယ်။ နိုင်ငံတကာစံနှုန်းများအရ "ငြိမ်းချမ်းသော" ဆိုတဲ့ အဓိပ္ပာယ်မှာ ကြွေးကြော်အော်ဟစ်မှုတွေကလည်း အကျုံးဝင်ပါတယ် (အော်ဟစ်ဆူပူလို့ မငြိမ်းချမ်းဘူးလို့ စွပ်စွဲသတ်မှတ်လို့မရပါ)။ ဒါ့အပြင် အဲ့ဒီလို စုဝေးမှုတွေ၊ ဆန္ဒပြပွဲတွေမှာ ပါဝင်နေကြတဲ့သူတွေထဲ တစ်ဦးတစ်ယောက် (သို့မဟုတ်) အချို့လူပုဂ္ဂိုလ်တွေက ကွက်ပြီး အကြမ်းဖက် လုပ်ရပ်တချို့ လုပ်နေရင်လည်း အဲ့ဒီ စုဝေးဆန္ဒပြမှု တစ်ခုလုံးကို အကြမ်းဖက်တယ် လို့ မဆိုနိုင်ပါဘူး။ စုဝေးမှုမှာ ပါဝင်သူတွေက အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြင်းပြင်းထန်ထန် လုပ်လာတဲ့အခါ အဲ့ဒီစုဝေးမှုကို "မငြိမ်းချမ်းသော စုဝေးမှု"ဟု သတ်မှတ်ပါတယ်။



## စုဝေးခွင့်ပုံစံများ

စုဝေးခွင့်ပုံစံအမျိုးမျိုးရှိပါတယ်။

အဲဒီအထဲမှာ

၁။ ဆန္ဒထုတ်ဖော်ခြင်း

၂။ အစည်းအဝေးများ

၃။ သပိတ်အမျိုးမျိုး

၄။ စီတန်းလမ်းလျှောက်ခြင်းများ

၅။ လူစုလူဝေးပြုလုပ်ခြင်း

၆။ အွန်လိုင်းပေါ်မှာ စုရုံးခြင်း

၇။ အသံတိတ်သပိတ်ပြုလုပ်ခြင်းနှင့်

၈။ အခြားသော စုဝေးမှု ပုံစံအမျိုးမျိုးတို့ ပါဝင်ပါတယ်။



# ရှောင်တခင်စုဝေးမှုများ

ရှောင်တခင်စုဝေးမှု/ဆန္ဒပြမှုတွေကို ဥပဒေအရ ခွင့်ပြုပေးရမှာဖြစ်ပြီး ကြိုတင်အသိပေးစရာမလိုအောင် စီမံပေးထားဖို့ လိုပါတယ်။ ယာဉ်ကြောပိတ်ဆို့နိုင်တယ်ဆိုတဲ့ဆင်ခြေက လွတ်လပ်စွာစုဝေးခွင့်ထက်ပိုပြီး ဦးစားပေးရမယ့်အရာ မဟုတ်ပါဘူး။ အစိုးရအနေနဲ့ ဒီအခြေအနေအတွက် လမ်းသွားလမ်းလာပြည်သူတွေ ရှောင်လွှဲသွားနိုင်အောင် သီးခြားလမ်းကြောင်းတွေ စီစဉ်ပေးရမှာဖြစ်ပါတယ်။



# တန်ပြန်ဆန္ဒပြပွဲ တပြိုင်တည်းပြုလုပ်ခြင်း

ဆန္ဒပြပွဲတစ်ခု ပြုလုပ်နေတဲ့ တချိန်တည်းမှာပဲ
တန်ပြန်ဆန္ဒပြပွဲတွေ ပြုလုပ်လာရင်လည်း ခွင့်ပြုပေးရပါမယ်။
အကြောင်းအရာတစ်ခုအပေါ်မှာ ထောက်ခံပွဲရှိနိုင်သလို
ကန့်ကွက်ဆန့်ကျင်ပွဲလည်း ရှိနိုင်ပါတယ်။
အထူးသတိထားရမှာက တန်ပြန်ဆန္ဒပြသူတွေအနေနဲ့ သူတို့ရဲ့
လွတ်လပ်စွာစုဝေးခွင့်ကို အသုံးချရာမှာ အခြားဆန္ဒပြသူတွေကို
ထိပါးနှောင့်ယှက်တာ၊ အကြမ်းဖက်တာ၊ ဆန္ဒပြမှုရပ်ဆိုင်း
စေတာမျိုးတွေ ပြုလုပ်လို့မရပါဘူး။



အစိုးရအနေနဲ့ လွတ်လပ်စွာစုဝေးခွင့်ကို မြှင့်တင်ပေးဖို့ တာဝန်ရှိပါတယ်။ စုဝေးသူတွေကို ရန်လိုမယ့် သူတွေရဲ့ရန်ကနေ ကာကွယ်ပေးခြင်း၊ တန်ပြန်အနှောင့်အယှက်ပြုလုပ်မယ့်ရန်မှ ကာကွယ်ပေးခြင်း တို့ကို ပြုလုပ်ပေးရပါမယ်။

သတင်းမီဒီယာ၊ သီးခြားလွတ်လပ်တဲ့အဖွဲ့အစည်း၊ လေ့လာစောင့်ကြည့်သူတွေနဲ့ သုတေသနပြုလုပ်သူတွေကို အစိုးရက စုဝေးဆန္ဒပြမှုများမှာ သတင်းမှတ်တမ်းယူခွင့်၊ လေ့လာခွင့် ပြုရမှာဖြစ်ပြီး ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျတဲ့ မှတ်တမ်းတွေ ထွက်ပေါ်လာဖို့ အားပေးရပါမယ်။



ငြိမ်းချမ်းစွာစုဝေးခွင့် ချိုးဖောက်ခံရ တဲ့အခါ မြန်ဆန်ပြီး လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးယန္တရားတွေကို အစိုးရက ဖွဲ့စည်းပေးထားဖို့ တာဝန်ရှိပါတယ်။ ချိုးဖောက်၊ ကန့်သတ်ခံရသူတွေရဲ့ နစ်နာမှုအတွက် ကုစားမှုရပိုင်ခွင့်ရှိရပါမယ်။ ဒါ့အပြင် ငြိမ်းချမ်းစွာစုဝေးမှုကို အကြမ်းဖက်နှောင့်ယှက်သူတွေအပေါ် အရေးယူနိုင်မယ့် ဥပဒေတွေကိုလည်း ပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။

# ရည်ညွှန်းကိုးကားများ

၁. နိုင်ငံတကာ လူ့ရပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ်များ

၂. လူ့ရပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာမူဝါဒများ

၃. ARTICLE-19 အဖွဲ့၏ အစီရင်ခံစာနှင့် မူဝါဒများ

၄. PEN Myanmar ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ လက်စွဲစာအုပ်

၅. Centre for Law and Democracy ၏ ရှင်းလင်းချက်စာတမ်းများ

ATHAN အသံ

FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လက်စွဲ ၂၀၂၄